NSW Health
မီဒီယာ သတင်းထုတ်ပြန်ချက်

# ဤဆောင်းရာသီတွင် သင်ကိုယ်တိုင်နှင့် သင့်မိသားစုအား ကာကွယ်ပေးပါ- BBQS နှင့် အိမ်ပြင်ပသုံး အပူပေးစက်များကို အိမ်အပြင်ဖက်တွင် ထားပါ

နေ့အခါနှင့် ညအခါ ပိုအေးလာခြင်းကြောင့် NSW Health ဌာနသည် လူများအား အိမ်အပြင်ဖက် အသုံးပြုသည့် အပူပေးစက်များ သို့မဟုတ် အသားကင်မီးဖိုများ (BBQs) ကို ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်ခြင်း အန္တရာယ်ရှိခြင်းကြောင့် အိမ်အတွင်း၌ မည်သည့်အခါမျှ မသုံးစွဲရန် သတိပေးနေလျက်ရှိသည်။

အိမ်အပြင်ဖက် အသုံးပြုသည့် အပူပေးစက်များနှင့် အသားကင်မီးဖိုများ (BBQs) သည် အရောင်အဆင်း၊ အရသာ သို့မဟုတ် အနံ့ မရှိသည့် အဆိပ်သင့်စေသော ဓါတ်ငွေ့ဖြစ်သည့် ကာဗွန်မိုနောက်ဆိုက်ဓါတ်ငွေ့ကို ထုတ်လွှင့်သည်ဟု NSW အဆိပ်အတောက် သတင်းအချက် ဌာန (Poisons Information Centre) ၏ ဆေးပညာ ညွှန်ကြားရေးမှူး Dr Darren Roberts က ပြောလိုက်သည်။

“မနှစ်က ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်တာနဲ့ပတ်သက်လို့ ဖုန်းခေါ်တာတွေ များခဲ့ပါတယ်၊ ဒါကြောင့် ဒီဆောင်းရာသီမှာ အိမ်တွင်း အပူပေးစက် သုံးစွဲပုံမှာ ဘေးကင်းစေဖို့ လူတွေကို ကျနော်တို့ သတိပေးနေရပါတယ်၊” ဟု Dr Roberts က ပြောသည်။

“ဓါတ်ငွေ့ကို မီးလောင်စေပြီး အိမ်အပြင်ဖက်မှာ အသုံးပြုတဲ့ အပူပေးစက်တွေဟာ မီးခိုးမထွက်တဲ့တိုင် ကာဗွန်မိုနောက်ဆိုက်ကို ထုတ်လွှင့်ပေးနိုင်ပါတယ်။ အဲဒါတွေမှာ ကျောက်မီးသွေး ဒါမှမဟုတ် မီးသွေးတောင့်ကို အသုံးပြုတဲ့ အသားကင်တဲ့စက်တွေနဲ့ အိမ်အပြင်ဖက်သုံး ဓါတ်ငွေ့ အပူပေးစက်တွေနဲ့ မီးချောင်းတွေ ပါဝင်ပါတယ်။

ကာဗွန်မိုနောက်ဆိုက်ကို ရှူသွင်းလိုက်တဲ့အခါမှာ နှလုံး၊ ဦးနှောက်နဲ့ အခြား အခရာကျတဲ့ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတွေက အောက်စီဂျင် သုံးစွဲမှုကို နည်းပါးသွားစေပါတယ်။ အဲ့ဒါကြောင့် သတိမေ့မြောသွားစေနိုင်တယ်၊ တချို့ကိစ္စတွေမှာ အသက်သေ စေနိုင်ပါတယ်။”

ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်ခြင်းသည် မည်သူ့ကိုမဆို ထိခိုက်နိုင်သော်လည်း နို့စို့ကလေးများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ အိုမင်းသူများနှင့် နာတာရှည်ရောဂါရှိသူများမှာ အန္တရာယ်ပိုများပါသည်။

ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်ခြင်း လက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ အော့အန်ချင်စဖွယ်ဖြစ်ခြင်း၊ အန်ခြင်း၊ မူးဝေခြင်းနှင့် အားအင်နည်းခြင်းတို့ဖြစ်ပါသည်။ ပို၍ပြင်းပြင်းထန်ထန် အဆိပ်သင့်သည့်သူများသည် မူးလဲကျနိုင်သည် သို့မဟုတ် သတိမေ့မြော သွားနိုင်သည်၊ အချို့ကိစ္စများတွင် အမြဲတမ်းအားဖြင့် ဦးနှောက်ထိခိုက်သွားနိုင်သည် သို့မဟုတ် သေဆုံးနိုင်သည်။

အကယ်၍ တစ်စုံတစ်ယောက်မှာ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်နေသည်ဟု သင် သံသယဖြစ်နေလျှင် အဆိပ်သင့်ခြင်း သတင်းအချက်ဌာန (Poisons Information Centre) ဖုန်း 13 11 26 ကိုခေါ်ဆိုပါ။ အရေးပေါ်အခြေအနေ၌ ဖုန်း သုညသုံးလုံး (000) ကိုခေါ်ပါ။

အကယ်၍ အင်္ဂလိပ်စကားမှာ သင့် ဘာသာစကား မဟုတ်ဘဲ စကားပြန်အလိုရှိလျှင် ဘာသာပြန်နှင့်စကားပြန်ဌာန (TIS National) ဖုန်း 131 450 ကိုခေါ်ဆိုပြီး အဆိပ်သင့်ခြင်း သတင်းအချက်ဌာန (Poisons Information Centre) ကိုဖုန်းခေါ် ခိုင်းပါ။

ဤဆောင်းရာသီတွင် အန္တရာယ်ကို မည်သို့လျှော့ချရမည့်အကြောင်း ပိုမိုသိရှိရန်အတွက် ကြည့်ရန် ဝက်ဘ်ဆိုက်- Carbon Monoxide Poisoning.

**NSW HEALTH မီဒီယာ**

ဖုန်း- 02 9391 9121 ရုံးချိန်နောက်ပိုင်း- 02 9962 9890 ဖက်စ်- 02 9391 9575 ဝက်ဘ်ဆိုက်- www.health.nsw.gov.au

healthdirect AUSTRALIA – NSW နေထိုင်သူများကို ၂၄ နာရီလုံးလုံး တတ်ကျွမ်းသူ ကျန်းမာရေး အကြံပြုသည် – ဖုန်း- 1800 022 222